# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
# ညွှန်ကြားရေးမှူးချုပ်ရုံး

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် Delta Gas Transportation Limited ၏ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ကန်ဘောက်ဒေသမှ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံ (Combined Cycle Power Plant) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွာမရှိ ဓာတ်ငွေ့ဖြန့်ဖြူးရေးဌာန (Gas Distribution Station) သို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းနှင့် Onshore Facilities တည်ဆောက်ခြင်းလုပ်ငန်း (Pipeline and Onshore Facilities of Domestic Gas to Power Plant – DG2P) စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) အစီရင်ခံစာအား မြန်ဆန်ချောမွေ့စွာ စိစစ်သုံးသပ်နိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်ရေးအဖွဲ့ ငှားရမ်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ သည်။

၂။ စိစစ်သုံးသပ်ရမည့် ကာလမှာ လုပ်ငန်းစာချုပ် ချုပ်ဆိုပြီးသည့်အချိန်မှ (၂) လအတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းနှင့် Onshore Facilities တည်ဆောက်ခြင်းလုပ်ငန်း (Pipeline and Onshore Facilities of Domestic Gas to Power Plant – DG2P) စီမံကိန်းအတွက် တင်ပြလာသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment - EIA) အစီရင်ခံစာကို နိုင်ငံတကာနှင့် ဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ စိစစ်သုံးသပ်ရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသည့် စိတ်ပါဝင်စားသည့် အဖွဲ့အစည်း၊ ကုမ္ပဏီများသည် အဖွဲ့ဝင်များ၏ ကိုယ်ရေးရာဇဝင်၊ ကျွမ်းကျင်မှုနယ်ပယ်၊ လုပ်ငန်းအတွေ့အကြုံ၊ စိစစ်ရာတွင် အသုံးပြုမည့် နည်းပညာဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့်အတူ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၈)၊ နေပြည်တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

၃။ နည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်ရေးအဖွဲ့အတွက် သတ်မှတ်အရည်အချင်းများမှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတကာနှင့် ဝန်ကြီးဌာနများမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများအား ကိုးကား၍ စိစစ် သုံးသပ်နိုင်ခြင်း၊

(ခ) သက်ဆိုင်ရာနယ်ပယ်အလိုက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်ခြင်း၊

(ဂ) ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းဆိုင်ရာ ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာများ ရေးသားခြင်း သို့မဟုတ် စိစစ်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပေးထားသည့် အကြံပေးအဖွဲ့အမျိုးအစား (က) လုပ်ငန်းလိုင်စင် ရရှိထားသည့် အဖွဲ့အစည်းဖြစ်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခေါ်ယူပါက ဤဦးစီးဌာန၊ နေပြည်တော်သို့ လာရောက်နိုင်သည့် အဖွဲ့အစည်းဖြစ်ခြင်း၊

(င) နည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်ရေးအဖွဲ့တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်းနှင့် Onshore Facilities တည်ဆောက်ခြင်းလုပ်ငန်း (Pipeline and Onshore Facilities of Domestic Gas to Power Plant – DG2P) စီမံကိန်း၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ ရေးသားပြုစုသည့် အဖွဲ့အစည်း/ လူပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်ခွင့် မရှိခြင်း၊

(စ) အစီရင်ခံစာစိစစ်ခြင်းလုပ်ငန်းကို မိမိတို့ ရုံးစိုက်ရာတွင် စိစစ်နိုင်သော်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လိုအပ်ပါက ရုံးအမှတ် (၅၈)၊ နေပြည်တော်သို့ လာရောက်၍ တာဝန်ထမ်းဆောင်နိုင်ခြင်း၊

(ဆ) အစီရင်ခံစာစိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည့်ကာလမှာ လုပ်ငန်းစာချုပ် ချုပ်ဆိုပြီးသည့် အချိန်မှ (၂) လ အတွင်း ဆောင်ရွက်ရမည်ဖြစ်ခြင်း၊

(ဇ) နည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်ရေး အဖွဲ့ဝင်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများလည်း ပါဝင်ရမည်ဖြစ်ပြီး အစိုးရဝန်ထမ်းများ မပါဝင်ရခြင်း၊

(ဈ) နည်းပညာပိုင်းဆိုင်ရာ စိစစ်သုံးသပ်ရေးအဖွဲ့၏ တာဝန်ဝတ္တရားများကို ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာနခွဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရုံးအမှတ် (၅၈)၊ နေပြည်တော်၊ (ဖုန်း-၀၆၇-၄၃၁၅၇၇) နှင့် eia.ecd@gmail.com တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ရုံးအမှတ် (၅၈)၊ နေပြည်တော်